## ၂။ သီးလုံးထိုးဖလံ

**Fruit-piercing Moth : *Eudocima fullonia* (Clerck, 1764)**

**Lepidoptera: Noctuidae**

### ဖျက်ကောင်ပုံသဏ္ဍာန်များ



ခန္ဓာကိုယ် ရင်အုပ်ပိုင်းသည် ခရမ်းညိုရောင်ရှိပြီး ဝမ်းဗိုက်ပိုင်းသည် လိမ္မော်ရောင်ရှိသည်။ အနောက်အတောင်တစ်စုံသည် လိမ္မော်-ဝါရောင်အောက်ခံပေါ်တွင် ထင်ရှားသော ကျောက် ကပ်ပုံအမဲရောင်အမှတ်အသား ပါရှိသည်။ ၎င်းတို့၏အဖျားပိုင်းတွင် ကျယ်ပြန့်သော အနက် ရောင်အမှတ်အသားနှင့် အဖြူရောင် အနားသတ်အကွက်လေးများ ပါရှိသည်။ အရှေ့ အတောင်တစ်စုံသည် ခရမ်းညိုရောင် မှ မီးခိုးရောင် ရှိပြီး ပုံသဏ္ဍာန်မမှန်သော အမှတ်အသားများ ပါရှိသည်။

### ဖျက်ဆီးပုံလက္ခဏာများ



ဖလံအကောင်ကြီးများသည် အသီးရည်ကို စုပ်ယူစားသောက်၍ အသီးမျက်နှာပြင်တွင် အပ်ပေါက်ရာကဲ့သို့ အပေါက်လေးများ ဖြစ်ပေါ်စေပြီး သစ်သီးရည်များ စိမ့်ထွက်နေပြီး အရောက်ပျက်နေတတ်သည်။ အသီးများကြွေစေသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | – (၃) ရက် |
| လောက်ကောင် အဆင့် | – (၃) ပတ် |
| ရုပ်ဖုံး  အဆင့် | –(၂–၃) ပတ် |
| အကောင်ကြီး | – ( ၃၀ ) ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ပိုးလောက်ကောင်များနှင့် ရုပ်ဖုံးအိမ်များကို စုဆောင်းဖျက်ဆီးပါ။

(၂)အသီးအားအိတ်စွပ်ပါ။

(၃)အချဉ်ဖောက်ထားသောထန်းလျက်နှင့်မာလာသီယွန်(Malathion)ပိုးသတ်ဆေးရောစပ်မှုများစာ အဆိပ်ပြုလုပ်ဖမ်းယူပါ။

(၄) ထိသေ၊စားသေ (သို့) ပင်လုံးပြန့် အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်း တွင် ဖော်ပြထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ၍စနစ်တကျခူးဆွတ်ပါ။

- လန်မ်ဒါဆိုင်ဟေလိုသရင်(Lambda–cyhalothrin)
- အဆီဖိတ် (Acephate)
- ဖလူဗန်ဒိုင်ယာမိုက်(Flubendiamide)
- ကလိုရမ်ထရမ်နီလီပရော(Chlorantraniliprole)